PRESS RELEASE

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

မေ ၃၁၊ ၂၀၁၃

ပြည်ထောင်စုအစိုးရ - ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို)တို့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ

မြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို)တို့၏ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မေ ၂၈-၃၀ ထိ ပြုလုပ်ခဲ့သော အပြုသဘောဆောင်သည့်ဆွေးနွေးပွဲကို အမေရိကန်ပြည်ထောင်စုက ကြိုဆိုပါသည်။ ဆွေးနွေးပွဲမှ ထွက်ပေါ်လာသော သဘောတူညီချက် ခုနစ်ချက်ကို အားရမိပြီး သဘောတူညီချက်တွင် မျှော်မှန်းထားသည့်အတိုင်း ယုံကြည်မှုတည်ဆောက်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေးတို့တွင် ဆက်လက်တိုးတက်မှုများရရှိမည်ဟု မျှော်လင့်ပါသည်။ ကာလတာရှည်ဖြစ်ပွားနေသော ပဋိပက္ခ၏ အကြောင်းရင်းများကို ဖြေရှင်းခြင်းနှင့် အန္တိမပန်းတိုင်ဖြစ်သော ထာဝရငြိမ်းချမ်းရေး၊ တရားမျှတမှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ကချင်ပြည်နယ် အပါအဝင် နိုင်ငံအဝန်း သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးခြင်းသည်သာ အကောင်းမွန်ဆုံးနှင့် တစ်ခုတည်းသောနည်းလမ်းအဖြစ် အမေရိကန်ပြည်ထောင်စုက အခြေခံမူအားဖြင့် ထောက်ခံပါသည်။

တစ်ချိန်တည်းမှာပင် ကချင်ပြည်နယ်နှင့် အခြားသော ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးရသူများနှင့် အကူအညီလိုအပ်နေသော အခြားအရပ်သားများ၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးတို့အတွက် အမေရိကန်ပြည်ထောင်စုသည် များစွာစိုးရိမ်ပူပန်လျက်ရှိပါသည်။ လုံလောက်သော စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အခြားသော အရေးတကြီးအကူအညီများကို အကူအညီလိုအပ်နေသူများ လက်ခံရရှိနိုင်ရေး အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သွားလာခွင့်ကို တားဆီးဟန့်တားခြင်းမပြုရန် သက်ဆိုင်သူများ အားလုံးကို မိမိတို့ ဆက်လက်တိုက်တွန်းပါသည်။

မြန်မာနိုင်ငံရှိ ပြည်သူလူထုအားလုံးအကြား ထာဝရငြိမ်းချမ်းရေး၊ သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပံ့ပိုးကူညီသွားရန်ချမှတ်ထားသော သန္ဓိဌာန်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အမေရိကန်ပြည်ထောင်စုသည် ကချင်ပြည်နယ်တွင်းရှိ နိုင်ငံရေး၊ စစ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အခြေအနေများကို ကုလသမဂ္ဂနှင့် အခြားသော ရည်မှန်းချက်တူညီသည့် အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ဆွေးနွေးညှိနှိုင်းကာ ဆက်လက်လေ့လာစောင့်ကြည့်သွားမည် ဖြစ်ပါသည်။

###